## ရွေးကောက်ပွဲမသမာမှုအတွက် တိုင်ကြားခြင်း

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲများနှင့် ပတ်သက်ပြီး မဲဆွယ်စည်းရုံးရေးကိစ္စများတွင်ဖြစ်စေ၊ မဲဆန္ဒပေးရာတွင်ဖြစ်စေ ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် ဆန့်ကျင်ပြီး မသမာမှုများကို လုပ်ဆောင်နေကြောင်း မြင်တွေ့သိရှိရပါက မည်သူမဆို သက်ဆိုင်ရာ ရဲစခန်းသို့ တိုင်ကြားပါ။ သို့မဟုတ် တရားရုံးများတွင် တရားစွဲဆိုပါ။

နိုင်ငံတကာသိလာအောင် ပြည်တွင်းပြည်ပရှိ လွတ်လပ်သော သတင်းမီဒီယာဌာနများထံသို့ အမြန်ဆုံးအကြောင်းကြားပါ။ မိမိအနေနဲ့လည်း မှတ်တမ်းအဖြစ်သိမ်းထားပါ။

## ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲ

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့တွင် နအဖ က ဦးစီးပြုလုပ်မည့် ရွေးကောက်ပွဲသည် ၎င်းတို့၏ ၂၀၀၈ ခုနှစ်၊ နာဂစ်ဖွဲ့စည်းပုံ အခြေခံဥပဒေအား အသက်သွင်း အကောင်အထည်ဖော်ရန်အတွက် ကျင်းပသော စစ်ဗိုလ်ချုပ်များ၏ ရွေးချယ်ပွဲ **(Generals' Selection)** သာဖြစ်သည်။ ပြည်သူလူထု၏ စစ်မှန်သော ဆန္ဒကို ခံယူသည့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်သည့် ရွေးကောက်ပွဲ **(General Elections)** မဟုတ်ပါ။

## ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ (2010 Election Laws)

နအဖ ထုတ်ပြန်လိုက်သော ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ဥပဒေများကိုယ်၌လည်း မျှတမှုမရှိသည့်အပြင်၊ ယင်း ဥပဒေ များအရ ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်သော အဖွဲ့အစည်းတခု မဟုတ်၊ ၂၀၁၀ ရွေးကောက်ပွဲကိုလည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတခုဖြစ်စေရန် မည်သည့်အာမခံချက်မျှ မရှိပါ။

## ၂၀၀၈ ခုနှစ်၊ (နာဂစ်)ဖွဲ့စည်းပုံ အခြေခံဥပဒေ

နအဖ၏ ၂၀၀၈ ခုနှစ်၊ (နာဂစ်) ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် မြန်မာနိုင်ငံ၌ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေမည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသာလျှင်ဖြစ်သည်။



၂၀၁၀ ရွေးကောက်ပွဲ လက်ကမ်းစာစောင်

**"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မပါလို့ ဘယ်သူ့ကို မဲထည့်ရမလဲဆိုရင် ကိုယ်ကြိုက်တဲ့ပါတီမပါရင် (မဲ) မထည့်ဘဲနေပါ။"**

**(ဒေါ်အောင်ဆန်းစုကြည်)**






နအဖ၏ (နာဂစ်) ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ထွန်းကားတိုးတက်ရေးအတွက် မည်သို့မျှ အကောင်အထည် ဖော်နိုင်စွမ်းမရှိပါ။ အာမခံချက် လည်းမရှိပါ။

## အနာဂတ်အတွက် မဲပေးမှားခြင်း

နအဖ က ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် စစ်အာဏာရှင်များ၏ ကိုယ်စားလှယ်များကို (မဲ) မှားပေးမိပါက မြန်မာနိုင်ငံသည် နောင်နှစ်ပေါင်းများစွာ သားစဉ်မြေးဆက် စစ်ဏာရှင်များလက်အောက်၌ ကျရောက်နေပါလိမ့်မည်။



**" လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ပါ "**

**" မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ "**

မြန်မာနိုင်ငံရှေ့နေများကောင်စီမှဖြန့်ချိသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' council

## ဒီမိုကရေစီ (Democracy)

ဒီမိုကရေစီဆိုသည်မှာ ပြည်သူလူထုအများစု၏ ဆန္ဒ (မဲ)ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များ (အစိုးရ) က အုပ်ချုပ်ခြင်းဖြစ်သည်။

## အထွေထွေရွေးကောက်ပွဲ (General Elections)

အထွေထွေရွေးကောက်ပွဲ ဆိုသည်မှာ ပြည်သူလူထု၏ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန်အတွက် ကျင်းပသော ဆန္ဒ (မဲ) ပေးပွဲဖြစ်သည်။

နိုင်ငံသားတိုင်းသည် ရွေးကောက်ပွဲများ၌ သတ်မှတ်ထားသော အသက်ပြည့်ပါက မဲထည့်နိုင်ပြီး ပါဝင်အရွေးခံပိုင်ခွင့်လည်းရှိသည်။

## လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ (Free and Fair Election)

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဆိုသည်မှာ ရွေးကောက်ပွဲများသည် လွတ်လပ်ခြင်းလည်းရှိပြီး၊ တရားမျှတခြင်းလည်းရှိသည့် ရွေးကောက်ပွဲဖြစ်သည်။

---

### ဆန့်ကျင်ပါ ၊ သပိတ်မှောက်ပါ

- **၂၀၀၈ ခုနှစ် နအဖ၏ (နာဂစ်) ဖွဲ့စည်းပုံ အခြေခံဥပဒေအား ဆန့် ကျင်ပါ။**
- **၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအား သပိတ်မှောက်ပါ။**
- **မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ထွန်းကားတိုးတက်ရေးအတွက် မဆုတ်မနစ်သော ဇွဲဖြင့် ညီညွတ်စွာ၊ သတ္တိရှိစွာ ဆက်လက်တိုက်ပွဲဝင်ပါ။**

---

မြန်မာနိုင်ငံရှေ့နေများကောင်စီမှဖြန့်ချိသည်။

**လွတ်လပ်ခြင်းဆိုသည်မှာ** – ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ရွေးချယ်ခံပိုင်ခွင့်ရှိသူများသည် မိမိတို့၏ အခွင့်အရေးများကို ခြိမ်းခြောက် နှောက်ယှက်ခံရခြင်းမရှိဘဲ၊ ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် မိမိစိတ်တိုင်းကျ ဆုံးဖြတ်နိုင်ခွင့်ရှိခြင်းဖြစ်သည်။

**တရားမျှတခြင်းဆိုသည်မှာ** – ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စများတွင် မည်သူတစ်ဦးတစ်ယောက် (သို့တည်းမဟုတ်) မည်သည့်ပါတီအဖွဲ့အစည်း တစ်ခုခုကိုမျှ ဘက်လိုက်မှုမရှိဘဲ၊ အခွင့်အရေးနှင့် တာဝန်များကို တန်းတူညီမျှရရှိစေခြင်းဖြစ်သည်။

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်အတွက် လုံလောက်၍ သင့်လျော်သော အချိန်ကာလတခုကို သတ်မှတ်ပေးရသည်။

## ဆန္ဒမဲပေးခြင်း (Vote)

ဆန္ဒမဲပေးခြင်း **(Vote)** ဆိုသည်မှာ အရွယ်ရောက်ပြီးသော နိုင်ငံသားတိုင်းသည် တန်းတူအခွင့်အရေးအရ လူတစ်ယောက်လျှင် ဆန္ဒမဲ (၁) မဲဖြင့် မိမိကြိုက်နှစ်သက်သော ကိုယ်စားလှယ်နှင့် နိုင်ငံရေးပါတီအား ဆန္ဒပြုရွေးချယ်ခြင်း ဖြစ်သည်။

အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဝင်ငွေ၊ ပစ္စည်းဥစ္စာ၊ အလုပ်အကိုင်၊ လူတန်းစား၊ ကိုးကွယ်ယုံကြည်မှုနှင့် နိုင်ငံရေးခံယူချက် အစရှိသည်တို့ကို ခွဲခြားမှုမရှိဘဲ၊ လူတိုင်းမဲပေးပိုင်ခွင့်ရှိသည်။

## တိုက်ရိုက်နှင့် လျှို့ဝှက်ဆန္ဒမဲပေးခြင်း (Driect & Secret Vote)

တိုက်ရိုက်နှင့် လျှို့ဝှက်ဆန္ဒမဲပေးခြင်း ဆိုသည်မှာ မိမိ၏ ဆန္ဒအမှန်ကို ဖော်ထုတ်ရန်အတွက် မိမိ ကြိုက်နှစ်သက်သော ကိုယ်စားလှယ်နှင့် နိုင်ငံရေးပါတီအား အနှောက်အယှက် ကင်းမဲ့စွာနှင့် ကြောက်ရွံ့ခြင်းကင်းမဲ့စွာ မိမိကိုယ်တိုင် ဆန္ဒမဲ ပေးနိုင်စေရမည်။ ထို့ပြင် မိမိက မည်သူ့အား မဲပေးခဲ့သည်ကို မည်သူမျှမသိနိုင်၊ မမြင်နိုင်စေရန် စီမံထားသည့် လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးရမည်။

## ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေး (Voting Rights)

ဆန္ဒမဲပေးခြင်းသည် မိမိ၏ ကိုယ်ပိုင်အခွင့်အရေးဖြစ်သကဲ့သို့ ဆန္ဒမဲမပေးဘဲ နေခြင်းသည်လည်း ကိုယ်ပိုင်အခွင့်အရေးပင်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအချို့တွင် နိုင်ငံသားတိုင်းအား မဖြစ်မနေ ဆန္ဒ



၂၀၁၀ ရွေးကောက်ပွဲ လက်ကမ်းစာစောင်

မဲပေးရမည်ဟု ဥပဒေဖြင့် သတ်မှတ် ပြဋ္ဌာန်းထားခြင်းရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌မူ ထိုကဲ့သို့ မဖြစ်မနေ ဆန္ဒမဲပေးရမည်ဟု ဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါ။

ဆန္ဒခံယူပွဲများတွင်ဖြစ်စေ၊ ရွေးချယ်တင်မြှောက်ပွဲများတွင်ဖြစ်စေ၊ မိမိဆန္ဒမဲ မပေးလိုပါက ဥပဒေအရ ဆန္ဒမဲ (မပေးဘဲ) နေနိုင်ခွင့်ရှိပါသည်။

၂၀၁၀ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအသီးသီး၏ ပုဒ်မ ၂ – (ဃ) အရ “ရွေးကောက်မှု ဆိုင်ရာ အခွင့်အရေးဆိုသည်မှာ... ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး သို့မဟုတ် မဲပေးခြင်း မပြုဘဲနေနိုင်သော အခွင့်အရေးကို ဆိုသည်” ဟု အတိအလင်း ပြဋ္ဌာန်းထားပါသည်။

## ပါတီကိုယ်စားလှယ်များအား လူထုနဲ့ လွတ်လပ်စွာ တွေ့ဆုံခွင့်၊ ထုတ်ဖော်ဟောပြောခွင့် မပြုခြင်း



မည်သည့် ပါတီကိုယ်စားလှယ်စားများတွင်မဆို မိမိတို့ပါတီမူဝါဒကို ချပြဆွေးနွေးနိုင်ရန် လူထုနှင့် လွတ်လပ်စွာ ထိတွေ့ခွင့်ရှိရမည်။ မီဒီယာမှတဆင့် ဖော်ထုတ်ဟောပြောခွင့်ရှိရမည်။ ဒီအချက်ကို ၂၀၁၀ ရွေးကောက်ပွဲ၌ တင်းကြပ်စွာ ကန့်သတ်ထားသည်။

## ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာတဲ့အဖွဲ့များအား လွတ်လပ်စွာ စောင့်ကြည့်လေ့လာခွင့် မပေးခြင်း၊

၂၀၁၀ ရွေးကောက်ပွဲသည် လွတ်လပ်မျှတမှုရှိမရှိကို ကုလသမဂ္ဂကဖြစ်စေ၊ အာစီယံကဖြစ်စေ၊ ကြည့်ရှုလေ့လာရန် တောင်းဆိုသော်လည်း စစ်အစိုးရက ငြင်းပယ်ခဲ့သည်။ ယင်းသို့

မြန်မာနိုင်ငံရှေ့နေများကောင်စီမှဖြန့်ချီသည်။

၂၀၁၀ ရွေးကောက်ပွဲ လက်ကမ်းစာစောင်

ရွေးကောက်ပွဲအပေါ် ကြည့်ရှုလေ့လာခွင့်ကိုပိတ်ပင်ခြင်းမှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်။



## အတင်းအကြပ် ဆန္ဒမဲပေးရခြင်း (Forced Voting)

အကယ်၍ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတဦးသည် မိမိကိုယ်တိုင်က မည်သူ့ကိုမျှ မဲမပေးလိုသော်လည်း အာဏာပိုင် ပုဂ္ဂိုလ်တဦးဦးကဖြစ်စေ၊ တစုံတယောက်ကဖြစ်စေ ခြိမ်းခြောက်ခြင်း၊ အကြပ်ကိုင်ခြင်းခံရသဖြင့် မဲရုံသို့ သွားရောက်၍ ဆန္ဒ (မဲ) ပေးရမည်ဆိုပါက မိမိ၏ ဆန္ဒ(မဲ) ကို (ပါယ်မဲ)ဖြစ်အောင်လုပ်ပါ။

## ပါယ်မဲဖြစ်အောင်လုပ်ခြင်း

မည်သည့်ကိုယ်စားလှယ်ကိုမျှ ဆန္ဒမဲ မပေးလိုပါက အောက်တွင်ဖော်ပြပါအတိုင်း (ပါယ်မဲ) ဖြစ်အောင်လုပ်နိုင်ပါသည်။

(၁) ဆန္ဒမဲပြား (မဲစာရွက်) ပေါ်တွင် ဘာမျှရေးခြစ်ခြင်းမရှိဘဲ၊ ဆန္ဒမဲပြား (မဲစာရွက်) အလွတ်ကို မဲပုံးထဲသို့ ထည့်လိုက်ပါ။ (သို့မဟုတ်) –

(၂) ဆန္ဒခံယူသူ ရွေးကောက်ခံကိုယ်စားလှယ် (၂) ဦး၊ (သို့မဟုတ်) (၂) ဦးထက်ပိုသော ကိုယ်စားလှယ်များ၊ (သို့မဟုတ်) ရွေးကောက်ခံကိုယ်စားလှယ်များအားလုံးကို ဆန္ဒပြု (မဲ) ပေးရမည့် ကွက်လပ်၌ (✓) အမှတ်အသားကိုဖြစ်စေ၊ (**X**) အမှတ်အသားကိုဖြစ်စေ ရေးခြစ်ပါ။ (သို့မဟုတ်)

(၃) အခြားနည်းလမ်းတခုခုကို အသုံးပြု၍လည်း ပါယ်မဲဖြစ်အောင် လုပ်နိုင်ပါသည်။ (ဥပမာ မဲပြား၊ မဲလက်မှတ်ကို ဆုတ်ဖြဲ၍ မဲပုံးထဲသို့ ထည့်ခြင်း။)

မြန်မာနိုင်ငံရှေ့နေများကောင်စီမှဖြန့်ချီသည်။